# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 19 , 2026 Volume 98, Number 12


**၁၉.၁.၂၀၂၆**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၈.၃၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၀.၅၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၂.၅၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၇.၈၄ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၃၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၆၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၇.၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၉၉ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဥယျာဉ်ခြံစိုက်ပျိုးရေးဆိုင်ရာပစ္စည်းပြပွဲတွင် ပါဝင်ပြသနိုင်




တောင်ကိုရီးယားနိုင်ငံမှာကျင်းပပြုလုပ်မဲ့ နိုင်ငံတကာသစ်ပင်ပန်းမန်နဲ့ ဥယျာဉ်ခြံစိုက်ပျိုးရေးဆိုင်ရာ ပစ္စည်းများပြပွဲ ဂိုယန်း၊ ကိုရီးယား ၂၀၂၆မှာပါဝင်ပြသလိုသူတွေကို ဖိတ်ခေါ်ထားတယ်လို့ မြန်မာနိုင်ငံ သစ်သီးဝလံ၊ပန်းမန်နဲ့ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်း(MFVP) ကနေ သိရပါတယ်။

ပြပွဲကို ဆိုးလ်မြို့တော်အနီး အီလ်ဆန်မြို့ရှိ Ilsan Lake Park မှာ ဧပြီလ(၂၄)ရက်မှ မေလ(၁၀)ရက်အထိ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ ပြပွဲမှာ မြန်မာနိုင်ငံက ပါဝင်ပြသနိုင်ဖို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ဖိတ်ကြားလာတာဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီပြပွဲရဲ့ နိုင်ငံအလိုက်ပြခန်း(National Pavillian) တွေမှာ မြန်မာနိုင်ငံမှ ပါဝင်ပြသဖို့အတွက် MFVP အသင်းဝင်တွေနဲ့ စိတ်ပါဝင်စားသူတွေအနေနဲ့ အသင်းရုံးဖုန်းကို ဆက်သွယ်စုံစမ်းနိုင်တယ်လို့ သိရပါတယ်။

**Tags: တောင်ကိုရီးယားသတင်း**

**Source: onenewstvchannel.com**

## ညှော်မထဆန်(ဟောင်း)/ (သစ်)၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)/(သစ်)နှင့် ဆန်ကွဲB(2,3,4) ဈေးတည်ငြိမ်လျက်ပြီး ဖွဲနု ဈေးမြင့်တက်၍ ဆန်ကွဲB(1,2)ဈေးကျဆင်းလျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ဆန်လက်ကျန်၊ စပါး လက်ကျန်အနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိပါသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၉.၁.၂၀၂၆)ရက်နေ့တွင် ညှော်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၆၅၀၀၀ကျပ်၊ ညှော်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁၂၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၁၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၅၀၀ ကျပ် တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ (၁၆.၁.၂၀၂၆)ရက်နေ့တွင် ညှော်မထဆန် (မနောသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ ကျပ်၊ ညှော်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၁၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၃,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၅၆၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ညှော်မထဆန်(မနောသုခ)(ဟောင်း)၊ ညှော်မထဆန် (မနောသုခ) (သစ်)၊ ပေါ်ဆန်းမွှေး ဆန်(ဟောင်း)၊ ပေါ်ဆန်းမွှေးဆန်(သစ်)နှင့် ဆန်ကွဲB(2,3,4)ဈေးများ တည်ငြိမ်၍ ဖွဲနုတစ်အိတ် ၆၀ ကျပ် ဈေးတက်ကာ ဆန်ကွဲ B(1,2)တစ်အိတ် ၂၀၀၀ ကျပ် ဈေးကျလျက်ရှိပါသည်။ ဖွဲနုဈေးမြင့်တက်သွားခြင်းမှာ ဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက် သွားခြင်းဖြစ်ပြီး ဆန်ကွဲB(1,2) ဈေးကျဆင်းသွားခြင်းမှာ ဆန်ကွဲ လက်ကျန်များပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်း သွားခြင်းဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ထံမှ သိရပါသည်။

Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## မိုးကြက်သွန်နီအသစ်များ ဈေးကောင်းရနေ

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ကြက်သွန်နီဈေးကွက်အခြေအနေမှာ မိုးကြက်သွန်နီအသစ်များ စတင် ဝင်ရောက်လျက်ရှိကြောင်း၊ ၂၀၂၆ခုနှစ်၊ ဇန်နဝါရီဒုတိယပတ်တွင် ဈေးကောင်းရနေပြီး အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

မန္တလေးကြက်သွန်နီဈေးကွက်တွင် လက်ကားဈေးနှုန်း ကျပ် ၂၈၀၀ မှ ၃၂၀၀၊ လက်လီ ဈေးနှုန်း ကျပ် ၂၅၀၀ မှ ၃၅၀၀ ခန့် ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကျောက်ဆည် ကြက်သွန်နီဈေးကွက်တွင် တောဝယ်ဈေးနှုန်း ကျပ် ၂၈၀၀ မှ ၄၀၀၀ ခန့် ရှိကြောင်းသိရသည်။

မြင်းခြံကြက်သွန်နီဈေးကွက်တွင် တောဝယ်ဈေးနှုန်း ကျပ် ၂၀၀၀ မှ ၂၅၀၀ ခန့်ရှိပြီး၊ တစ်ပတ်အတွင်း ကြက်သွန်နီအဝင် ပိဿာ ၈၀,၀၀၀ နှင့် ၁၀၀,၀၀၀ ခန့်ဝင်ရောက် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး

## မြေပဲဆန်များ ဈေးမြင့်တက်လာ

ဇန်နဝါရီလဒုတိယပတ်တွင်မန္တလေးကုန်စည်ဒိုင်၌မြေပဲဆီဆန်များအဝင်နည်းပြီး ဈေးမြင့်တက်လာကာ အရောင်းအဝယ် သွက်နေကြောင်းသိရသည်။

မြေပဲဆန်ဈေးနှုန်းများမှာ S1 လုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၉၇၀၀ မှ ၉၈၀၀၊ ယခင်တစ်ပတ် ကျပ် ၈၇၀၀ မှ ၉၃၀၀၊ ယခင်လ ကျပ် ၈၃၀၀ မှ ၈၈၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀မှ ၁၀၀၀၊ ယခင်လထက် ကျပ် ၁၀၀၀ မှ ၁၄၀၀ ခန့် ဈေးမြင့်တက်လာသည်။

S1လုံးဆန်(မြင်းမူ)တစ်ပိဿာလျှင် ယခုတစ်ပတ်ကျပ် ၁၀,၃၀၀ မှ ၁၀၅၀၀၊ ယခင်တစ်ပတ် ကျပ် ၉၂၀၀ မှ ၉၃၀၀၊ ယခင်လ ကျပ် ၈၇၀၀ မှ ၈၈၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၁၀၀မှ ၁၂၀၀၊ ယခင်လထက် ကျပ် ၁၆၀၀ မှ ၁၇၀၀ ခန့် ဈေးမြင့်တက်လာသည်။

S1ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၉၅၀၀ မှ ၉၇၀၀၊ ယခင်တစ်ပတ် ကျပ် ၈၅၀၀ မှ ၈၇၀၀၊ ယခင်လ ကျပ် ၇၇၀၀ မှ ၇၈၅၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၁၀၀၀ ကျပ်၊ ယခင်လထက် ကျပ် ၁၈၀၀ မှ ၁၈၅၀ ခန့် ဈေးမြင့်တက်လာသည်။

M တွဲလုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၉၈၀၀မှ ၉၉၀၀၊ ယခင်တစ်ပတ် ကျပ် ၈၉၀၀ မှ ၉၀၀၀၊ ယခင်လ ကျပ် ၈၃၀၀ မှ ၈၄၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၉၀၀ ကျပ်၊ ယခင်လထက် ၁၅၀၀ ကျပ် ခန့် ဈေးမြင့်တက်လာသည်။


M တွဲဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၉၆၀၀ မှ ၉၇၀၀၊ ယခင်တစ်ပတ် ကျပ် ၈၅၀၀ မှ ၈၆၀၀၊ ယခင်လ ကျပ် ၇၈၀၀ မှ ၈၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၁၁၀၀ ကျပ်၊ ယခင်လထက် ကျပ် ၁၇၀၀ မှ ၁၈၀၀ ခန့် ဈေးမြင့်တက်လာသည်။

အနီလုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၉၅၀၀ မှ ၉၇၀၀၊ ယခင်တစ်ပတ် ကျပ် ၈၄၀၀ မှ ၈၆၀၀၊ ယခင်လ ကျပ် ၈၁၅၀ မှ ၈၂၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၁၁၀၀ ကျပ်၊ ယခင်လထက် ကျပ် ၁၃၅၀ မှ ၁၅၀၀ ခန့် ဈေးမြင့်တက်လာသည်။
အနီဆီဆန်(ရှမ်း) တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၈၃၀၀ မှ ၈၉၀၀၊ ယခင်တစ်ပတ် ကျပ် ၈၂၀၀ မှ ၈၅၀၀၊ ယခင်လ ကျပ် ၇၃၀၀ မှ ၇၄၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၄၀၀၊ ယခင်လထက် ကျပ် ၁၀၀၀ မှ ၁၅၀၀ ခန့် ဈေးမြင့်တက်လာသည်။

ပြန့်ဆီဆံ တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၉၇၀၀ မှ ၁၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၈၆၀၀ မှ ၈၇၅၀၊ ယခင်လ ကျပ် ၇၈၀၀ မှ ၈၁၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၁၀၀မှ ၁၂၅၀၊ ယခင်လထက် ၁၉၀၀ ကျပ် ခန့် ဈေးမြင့်တက်လာသည်။

Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး

## မကွေး၌ မြေပဲလုံးဆန်ဈေး ဆက်တိုက်မြင့်တက်နေ



မကွေးမြို့မှာ ပစ္စည်းရှားလာတာကြောင့် မြေပဲလုံးဆန်ဈေးတွေ ဆက်တိုက်မြင့်တက်နေတယ်လို့ မကွေးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွန်းက ပြောပါတယ်။လက်ရှိမှာ အရင်ဈေးထက် တစ်ပိဿာကို ပျမ်းမျှ ကျပ် ၁၅၀၀ ဝန်းကျင်လောက် ဈေးမြင့်တက်နေတာလို့ ဆိုပါတယ်။

အရင်က မြေပဲလုံးဆန် အနီတစ်ပိဿာကို ၈၅၀၀ ကျပ်ရှိပြီး လက်တလောမှာတော့ ကျပ်တစ်သောင်းဝန်းကျင်ရှိနေကာ မြေပဲလုံးဆန်အဖြူ တစ်ပိဿာကတော့ အရင်က ၈၆၀၀ ကျပ်ရှိရာကနေ အခု လက်ရှိမှာ ၁၀၂၀၀ ကျပ် ဈေးရှိနေတာ ဖြစ်ပါတယ်။ပစ္စည်းရှားလာတာနဲ့အမျှ ဆီစက်တွေ၊ စားသောက်ကုန်ထုတ်လုပ်သူတွေက ဝယ်လိုအားရှိနေတဲ့အတွက် ဈေးမြင့်တက်နေတာဖြစ်ပြီး ဆက်လက်ပြီးလည်း ဈေးအမြင့်ဘက်မှာ ရှိနိုင်တယ်လို့ မကွေးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွန်းက ပြောပါတယ်။

မြေပဲလုံးဆန်ကို ပြည်တွင်းသုံးစွဲမှု များနေသလို တရုတ်ဘက်ကိုလည်း တင်ပို့နေရတယ်လို့ သိရပါတယ်။မြေပဲလုံးဆန်ဈေး မြင့်တက်တာကြောင့် ဝယ်ယူချင်တဲ့ ကုန်သည်တွေအနေနဲ့ ဈေးကွက်ပေါ်မူတည်ပြီး ဝယ်ယူတာတွေ လုပ်ဆောင်နေရတယ်လို့ မကွေးမြို့ ကုန်သည်တွေဆီက သိရပါတယ်။

**Source: onenewstvchannel.com**

## တောင်ကိုရီးယားနိုင်ငံတွင်း ငါးကွမ်းရှပ်ဈေးနှုန်းမြင့်မားလာခြင်းကြောင့် သတ်မှတ်ပမာဏအတွင်း တင်သွင်းလျှင် သက်သာသောစည်းကြပ်ခွန်နှုန်းထားဖြင့် တင်သွင်းခွင့်ပြုမည့်အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်

တောင်ကိုရီးယားနိုင်ငံတွင်းငါးကွမ်းရှပ်(Mackerel)ဈေးနှုန်းမြင့်မားလာခြင်းကြောင့် သတ်မှတ်ပမာဏအတွင်း တင်သွင်းလျှင် သက်သာသောစည်းကြပ်ခွန်နှုန်းထားဖြင့် တင်သွင်းခွင့်(Tariff-Rate Quota-TRQs)ပြုမည့် အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်သွားမည်ဟု သမုဒ္ဒရာရေးရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန(Ministry of Oceans and Fisheries)က ၆-၁-၂၀၂၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ ပြည်တွင်းသို့လှောင်ထားသည့် Mackerel ငါး တန်ချိန် ၂,၀၀၀ ကို ဈေးကွက်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ရောင်းချရာတွင်လည်း ဈေးနှုန်းကို ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးသွားမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်တွင်းသို့ Mackerel ငါးတန်ချိန် ၂၀,၀၀၀ ကို စည်းကြပ်ခွန်သုညရာခိုင်နှုန်းဖြင့် တင်သွင်းသွားမည်ဖြစ်ပါကြောင်း သမုဒ္ဒရာရေးရာနှင့်ငါးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၂၅ ခုနှစ်အတွင်းက TRQs စနစ်ဖြင့် တင်သွင်းခွင့်ပြုသည့် Mackerel ငါးတန်ချိန်မှာ ၁၀,၀၀၀ အထိသာ ခွင့်ပြုခဲ့သည့်အတွက် ယခုခွင့်ပြုသည့်ပမာဏသည် နှစ်ဆတိုးလာခြင်းဖြစ်ပါသည်။ ခွင့်ပြုပမာဏထက်ကျော်လွန်သော Mackerel ငါးတင်သွင်းမှုအတွက် တောင်ကိုရီးယားနိုင်ငံသည် လက်ရှိကောက်ခံလျက်ရှိသည့်စည်းကြပ်ခွန်မှာ ၁၀ ရာခိုင်နှုန်း ဖြစ်ပါသည်။

တောင်ကိုရီးယားနိုင်ငံသည် နော်ဝေနိုင်ငံမှ Mackerel ငါးများကို အများဆုံးတင်သွင်းလျက်ရှိကြောင်း၊ စုစုပေါင်း Mackerel ငါးတင်သွင်းမှု၏ ၈၀-၉၀ ရာခိုင်နှုန်းကို နော်ဝေနိုင်ငံမှ တင်သွင်းနေသော်လည်း ယင်းနိုင်ငံတွင် ငါးဖမ်းမှုခွဲတမ်းကို လျှော့ချလိုက်သည့်အတွက် ထုတ်လုပ်မှုကျဆင်းနေကြောင်း၊ သို့ဖြစ်၍ တောင်ကိုရီးယားပြည်တွင်း Mackerel ငါးရောင်းလိုအား တည်ငြိမ်စေရန် နော်ဝေနိုင်ငံအပါအဝင် ဗြိတန်နိုင်ငံနှင့်ချီလီနိုင်ငံတို့မှ Mackerel ငါးကို TRQs စနစ်ဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သမုဒ္ဒရာရေးရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်ထားပါသည်။

ထို့ပြင် သမုဒ္ဒရာရေးရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနသည် ပြည်တွင်း Mackerel ငါးဈေးနှုန်းတည်ငြိမ်စေရန် ရည်ရွယ်၍ အထူးလျှော့ဈေးပေးသည့် အစီအစဉ်များကို ၈-၁-၂၀၂၆ မှ ၂၅-၁-၂၀၂၆ ရက်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ထားပါသည်။

**Source: The Korea Herald**

**(ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

## ဗီယက်နမ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၂ ဒသမ ၅ သန်းတင်ပို့ရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးသွားမည်

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဆန်မက်ထရစ်တန်ချိန် ၂ ဒသမ ၅ သန်းတင်ပို့ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများက ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ဖော်ပြခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးဆန်တင်ပို့မှုဈေးကွက်ဖြစ်ခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသည် ပြည်တွင်းထုတ်လုပ်မှုကို ပံ့ပိုးရန်အတွက် ၂၀၂၅ ခုနှစ်၏ နောက်ဆုံး ၄ လအတွင်း ဆန်တင်သွင်းမှုကို ရပ်ဆိုင်းခဲ့သည်။

သို့ရာတွင် ယခုနှစ်အတွင်း ဆန်တန်ချိန် ၃ ဒသမ ၆ သန်းတင်သွင်းရန် စီစဉ်ထားကြောင်းနှင့် ဆန်အများစုကို ဗီယက်နမ်နိုင်ငံမှ တင်သွင်းသွားမည်ဟု ဖိလစ်ပိုင်နိုင်ငံရှိ ဗီယက်နမ်သံရုံး၏ ပြောကြားချက်ကို ကိုးကား၍ The Voice of Vietnam (VOV) မှ ဖော်ပြခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီး H.E Francisco Tiu Laurel နှင့် စီးပွားရေးသံမှူး Mr. Le Phu Cuong တို့ တွေ့ဆုံပြီးနောက် အဆိုပါသတင်းများထွက်ပေါ်လာခြင်းဖြစ်ကြောင်းဖော်ပြထားသည်။ ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်တွင် ဆန်တင်သွင်းမှုပမာဏကိုထိန်းချုပ်ရန်အတွက် အခွန်ကောက်ခံမှုအပါအဝင်အစီအမံများအကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဟု အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

**Source:** https://www.bangkokpost.com/business/general/3175383/vietnam-to-sign-deal-to-export-25-million-tonnes-of-rice-to-philippines

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္တိုင်းမြို့)**

## တစ်ပိုင်းလျှပ်ကူးပစ္စည်းများတင်ပို့မှုမြင့်မားနေသော်လည်း ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ၊ ပထမ (၁၀) ရက်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ စုစုပေါင်းတင်ပို့မှုသည် ယခင်နှစ်အလားတူကာလကထက် ၂.၃ ရာခိုင်နှုန်းကျဆင်းခဲ့

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ပထမ(၁၀)ရက်အတွင်း တောင်ကိုရီးယားနိုင်ငံသည် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ တင်ပို့မှုမြင့်မားခဲ့သော်လည်း ကားများ၊ရေယာဉ်များနှင့် စတီးလ်ပစ္စည်းများတင်ပို့မှုကျဆင်းခဲ့သည့်အတွက် နိုင်ငံ၏ စုစုပေါင်းတင်ပို့မှုသည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၂ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု ကိုရီးယားအကောက်ခွန်ဝန်ဆောင်မှုဌာန(Korea Customs Service)က ၁၂-၁-၂၀၂၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်းများတင်ပို့မှုဝင်ငွေသည် ယခင်နှစ်အလားတူကာလထက် ၄၅ ဒသမ ၆ ရာခိုင်နှုန်းပိုမိုမြင့်မားခဲ့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၄ ဘီလီယံ(၁၀ ရက်တာကာလအတွင်း စုစုပေါင်းတင်ပို့မှု၏ ၂၉ ဒသမ ၉ ရာခိုင်နှုန်း) ရရှိခဲ့သော်လည်း ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ပထမ(၁၀) ရက်အတွင်း ကားများ၊ ရေယာဉ်များနှင့် စတီးလ်ပစ္စည်းများ တင်ပို့မှုကျဆင်းခဲ့သည့်အတွက်နိုင်ငံ၏ စုစုပေါင်းပို့ကုန်တင်ပို့မှုဝင်ငွေကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ ကားတင်ပို့မှုဝင်ငွေသည် ယခင်နှစ်အလားတူကာလကထက် ၂၄ ဒသမ ၇ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ ဘီလီယံသာရရှိခဲ့ကြောင်း၊ ရေယာဉ်များ တင်ပို့မှုဝင်ငွေသည်လည်း ယခင်နှစ်အလားတူကာလကထက် ၁၂ ဒသမ ၇ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၉၂၃ သန်းသာရရှိခဲ့ကြောင်း၊ စတီးလ်ပစ္စည်းများတင်ပို့မှုဝင်ငွေသည်လည်း ယခင်နှစ်အလားတူကာလကထက် ၁၈ ဒသမ ၇ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၉၇၆ သန်းသာရရှိခဲ့ကြောင်း Korea Customs Service က ထုတ်ပြန်ထားပါ သည်။

၂၀၂၆ ခုနှစ်၊ဇန်နဝါရီလ ပထမ(၁၀)ရက်အတွင်း ပို့ကုန်ဈေးကွက်အလိုက် တင်ပို့နိုင်မှုကို ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လေ့လာလျှင် တရုတ်နိုင်ငံနှင့်ထိုင်ဝမ် (တရုတ်- တိုင်ပေ)သို့တင်ပို့မှုတိုးတက်ခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂသို့ တင်ပို့မှုဝင်ငွေကျဆင်းခဲ့ပါသည်။ နိုင်ငံ၏ နံပါတ်(၁)ပို့ကုန်ဈေးကွက် ကြီးဖြစ်သည့် တရုတ်နိုင်ငံသို့ တင်ပို့မှုသည် ၁၅ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ ဝင်ငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၈၇ ဘီလီယံရရှိခဲ့ပြီး ထိုင်ဝမ်(တရုတ်- တိုင်ပေ)သို့ တင်ပို့မှုဝင်ငွေသည် ၅၅ ဒသမ ၄ ရာခိုင်နှုန်းမြင့်မားကာ အမေရိကန်ဒေါ်လာ ၈၅၂ သန်းရရှိခဲ့ပါသည်။ သို့သော် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့နိုင်မှုသည် ၁၄ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းကာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇ ဘီလီယံသာရရှိခဲ့ပြီး

ဥရောပသမဂ္ဂသို့ တင်ပို့မှုဝင်ငွေသည်လည်း ၃၁ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းကာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံသာ ရရှိခဲ့ပါသည်။

အထက်ပါအကြောင်းရင်းများကြောင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ပထမ(၁၀)ရက်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ စုစုပေါင်း တင်ပို့မှုဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၅ ဘီလီယံသာရရှိခဲ့ပြီး ယခင်နှစ်အလားတူကာလက တင်ပို့မှုဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉၂ ဘီလီယံနှင့်နှိုင်းယှဉ်လျှင် လျော့နည်းရရှိခဲ့သည်ကို Korea Customs Service ၏ စာရင်းဇယားများတွင် ဖော်ပြထားပါသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ပထမ(၁၀)ရက်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ သွင်းကုန်တင်သွင်းမှုသည် ယခင်နှစ် အလားတူကာလကထက် ၄ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂၁ ဘီလီယံဖိုးသာ တင်သွင်းခဲ့ သော်လည်း သွင်းကုန်တင်သွင်းမှုတန်ဖိုးသည် ပို့ကုန်တင်ပို့မှုဝင်ငွေထက် ပိုမိုခဲ့ပါသည်။ သို့ဖြစ်၍ ဖော်ပြပါကာလအတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဃီလီယံကုန်သွယ်မှု လိုငွေပြခဲ့ပါသည်။

**Source: The Korea Herald**

**(ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

## STOCK EXCHANGE (19.1.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Jan. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,347 (Shares) | 28,788,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 720 | 6,048,000 | 33,109,694 | 278,121 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,700 | 3,750 | 3,700 | 2,099 | 7,772,450 | 38,929,150 | 145,984 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,300 | 7,600 | 7,300 | 7 | 52,700 | 10,400,986 | 76,967 |
| FPB | 00004 | 2,800 | +100 | +3.70% | 2,700 | 2,800 | 2,700 | 3,287 | 9,098,200 | 29,664,613 | 83,061 |
| TMH | 00005 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 20 | 65,000 | 12,823,224 | 41,676 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,700 | 1,600 | 2,880 | 4,728,000 | 19,977,223 | 32,962 |
| AMATA | 00007 | 3,900 | +0 | +0.00% | 3,800 | 3,900 | 3,750 | 5 | 19,200 | 10,497,598 | 40,941 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,050 | 3,100 | 3,050 | 329 | 1,004,900 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 16th Jan. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 410.09 | +3.33 | +0.82% | 404.54 | 410.09 | 404.54 | 9,347 | 28,788,450 | 8 | 773,507 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 10:30 am, 6th Jan. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,602 (Shares) | 6,446,350 (MMK) |

| MYANPIX | 419.63 ▲ 0.86 |
|---|---|
| Total Volume (shares) | 1,602 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 791,501 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 2,500 | ▲ 50 |
| TMH | 00005 | 3,550 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |
| MAEX | 00008 | 3,300 | ▲ 50 |

TIR